http://www.dhammadownload.com



တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်။ ရဟန်းတို့ ဆင်းရဲသော မကောင်းသော အသွင်ရှိသော အကြင်သတ္တဝါတို့ကို တွေ့မြင်ကုန်ရာ၏၊ ဤသို့ တွေ့မြင်ရာ၌ ငါတို့သည်လည်း ဤရှည်စွာသောကာလ၌ ဤသို့သဘောရှိသော ဆင်းရဲကို ခံစားရဘူးလေပြီဟု ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ပ။ရဟန်းတို့ အလွန်လျှင် ဤအလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှတော့သည်သာတည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှတော့သည်သာတည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-သုခိတသုတ်

၁၃၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ ရဟန်းတို့ ချမ်းသာသော တန်ဆာဆင်ခြင်းနှင့် ပြည့်စုံသော သူကို တွေ့မြင်ကုန်ရာ၏၊ ဤသို့ တွေ့မြင်ရာ၌ ငါတို့သည်လည်း ဤရှည်စွာသော ကာလ၌ ဤသို့သဘောရှိသော ချမ်းသာကို ခံစားရဘူးလေပြီဟူ၍ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း- ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ ရှေးအစွန်းသည် မထင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-တိံသမတ္တသုတ်

၁၃၆။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သုံးကျိပ်သော ပါဝေယျကတိုင်းသား ရဟန်းအားလုံးတို့သည် အရညကင်ဓုတင်ဆောင် ပံသုကူဓုတင်ဆောင် ပိဏ္ဍပါတ်ဓုတင်ဆောင် တိစီဝရိက်ဓုတင်ဆောင်တို့ ဖြစ်ကြကုန်လျက် အလုံးစုံပင် သံယောဇဉ် ရှိကုန်သေးသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်၏။ ထိုအခါ မြတ်စွာဘုရားအား ဤအကြံသည် ဖြစ်၏ "သုံးကျိပ်မျှသော ဤပါဝေယျက တိုင်းသား ရဟန်းအားလုံးတို့သည် အရညကင်ဓုတင်ဆောင် ပိဏ္ဍပါတ်ဓုတင်ဆောင် ပံသုကူဓုတင်ဆောင် တိစီဝရိက်ဓုတင်ဆောင်တို့ ဖြစ်ကြကုန်လျက် အလုံးစုံပင် သံယောဇဉ် ရှိကြကုန်သေး၏၊ ထိုရဟန်းတို့အား ဤနေရာ၌ပင်လျှင် (တဏှာဒိဋ္ဌိတို့ဖြင့်)မစွဲလမ်းမူ၍ အာသဝတရားတို့မှ စိတ်တို့ လွန်မြောက်ကုန်ရာသော အခြင်းအရာဖြင့် ငါသည် တရားဟောရမူ ကောင်းလေစွ"ဟု အကြံဖြစ်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်

http://www.dhammadownload.com



ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤရှည်စွာသော ကာလ၌ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့၏ ဦးခေါင်းကို ဖြတ်အပ်ကုန်သည်ဖြစ်၍ ယိုစီးသော သွေးရည်ကြည်နှင့် မဟာသမုဒ္ဒရာလေးစင်း ရေသည် အဘယ်ကသာလွန်များပြားသနည်း ဟု မေးတော်မူ၏၊ အသျှင်ဘုရား ဤရှည်စွာသော ကာလ၌ ပြေးသွားကျင်လည်ကြရကုန်သော အကျွန်ုပ်တို့၏ ဦးခေါင်းကို ဖြတ်အပ်ကုန်သည်ဖြစ်၍ ယိုစီးသောသွေးရည်ကြည်သည်သာလျှင် များလှပါ၏၊ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပါဟု မြတ်စွာဘုရားဟောတိုင်းသောတရားကို အကျွန်ုပ်တို့ သိပါကုန်၏ ဟု လျှောက်ကုန်၏။

ရဟန်းတို့ ကောင်းစွ ကောင်းစွ၊ဤရှည်စွာသောကာလ၌ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့၏ ဦးခေါင်းကို ဖြတ်အပ်ကုန်သည်ဖြစ်၍ ယိုစီးသော သွေးရည်ကြည်သည်သာလျှင်များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှဟု ငါဘုရားဟောတိုင်းသော အခြင်းအရာဖြင့် တရားကို ကောင်းစွာ သိကြကုန်၏၊ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး နွားဖြစ်ကုန်စဉ် နွားဖြစ်၍ ဦးခေါင်းဖြတ်ခံရသော ယိုစီးသော သွေးရည်ကြည်သည်သာလျှင် များလှ၏၊မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှချေ။ပ။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး ကျွဲဖြစ်ကုန်စဉ် ကျွဲဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏ ယိုစီးသော သွေးရည်ကြည်သည်သာလျှင် များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှချေ။ပ။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး သိုးဖြစ်ကုန်စဉ် သိုးဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏၊ ပ။ဆိတ်ဖြစ်ကုန်စဉ် ဆိတ်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ သမင်ဖြစ်ကုန်စဉ် သမင်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ ကြက်ဖြစ်ကုန်စဉ် ကြက်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ ဝက်ဖြစ်ကုန်စဉ် ဝက်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး ရွာကိုဖျက်ဆီးတတ်ကုန်သော ခိုးသူဖြစ်စဉ် ရွာကိုဖျက်ဆီးတတ်ကုန်သော ခိုးသူဟူ၍ ဖမ်းပြီးလျှင် ဦးခေါင်းဖြတ်ခံရသော သင်တို့၏ယိုစီးသောသွေးရည်ကြည်သည်။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး လမ်းခရီး၌ လုယက်တတ်ကုန်သော ခိုးသူတို့ဟူ၍ ဖမ်းပြီးလျှင် ဦးခေါင်းဖြတ်ခံရသော သင်တို့၏ ယိုစီးကုန်သော သွေးရည်ကြည်သည်။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး သူတပါး၏ မယားကို ခိုးတတ်သော ခိုးသူတို့ဟူ၍ ဖမ်းပြီးလျှင် ဦးခေါင်း ဖြတ်ခံရသော သင်တို့၏ ယိုစီးသော သွေးရည်ကြည်သည် များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှချေ၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ဟောအပ်သော တရားကို နှစ်လိုဝမ်းမြောက်ကြကုန်၏။ ဤသို့ ဤဂါထာမဖက် စုဏ္ဏိယသက်သက် တရားတော်ကို ဟောတော်မူသည်ရှိသော် ပါဝေယျကတိုင်းသား ရဟန်းသုံးကျိပ်တို့အား တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ စိတ်တို့သည် အာသဝေါတရားတို့မှ လွတ်မြောက်ကုန်၏ဟု (ဟောတော်မူ၏)။

**တတိယသုတ်။**

---

## ၄-မာတုသုတ်

၁၃၇။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သံသရာ၏ အစကို မသိနိုင်။ပ။ **ရဟန်းတို့ ဤရှည်စွာသော ကာလ၌ သင်တို့၏ အမိမဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည်မဟုတ်၊**